ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# အုပ်ချုပ်ရေးသတင်းလွှာ

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့

အတွဲ (၁)၊ အမှတ်(၅)

## ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား

နှစ်ဟောင်းမှ နှစ်သစ်ကိုကူးပြောင်းတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလဟာ မြန်မာနိုင်ငံသားတို့ရဲ့ ရိုးရာဓလေ့ပွဲတော်များအနက် ထူးခြားလေးနက်မှုရှိတဲ့ ပွဲတော်တစ်ရပ် ဖြစ်ပါသည်။

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊ မင်္ဂလာရှိတဲ့ နေ့ရက်များကို ပိုင်ဆိုင်နိုင်ကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ COVID-19 ကပ်ရောဂါဘေးကြီးကလည်း ကျော်လွှားနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များ

- မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်း၊
- ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်း၊
- အခွန်(၄)မျိုးကောက်ခံခြင်းလုပ်ငန်း
- မြို့နှင့်ကျေးရွာများ စနစ်တကျဖွဲ့စည်းခြင်းလုပ်ငန်း၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊
- အသင်းအဖွဲ့များ ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုရေးလုပ်ငန်း၊
- ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းလုပ်ငန်း၊
- မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာကိစ္စရပ်များ။



ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင်၊
ဆိုသောယောင်သို့၊
မရှောင်စိတ်က၊
မျက်ဒေါသနှင့်၊ မာနလွန်စွာ၊
မယစ်ရာဘူး။

*မဃဒေဝလင်္ကာသစ်၊ ၂၃၅*

ပညာရှိကိုပေါင်း၊
သမားကောင်းကိုဖက်၊
သူပျက်ကိုခွာ၊
ဆရာကိုကပ်။

*ကန်တော်မင်းကျောင်း ဆရာတော်*





သည်းခံနှလုံး၊
သူတော်ထုံး၊
ရှင်ပြုံးကျင့်အပ်စွာ။
ကောင်းသည့်စကား၊
ဆိုတတ်ငြား၊
အများကြည်မေတ္တာ။

*အမည်မသိစာဆို*

## နိုင်ငံ့ဝန်ထမ်းတို့၏ ဂုဏ်သိက္ခာ

၂၀၁၃ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၀ တွင် ဖော်ပြထားသော အချက်ပေါင်း(က)မှ (ဎ)အထိ (၁၂)ချက်အနက်–

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊

(င) မိမိအား ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊

(ဆ) ပါတီနိုင်ငံရေး ကင်းရှင်းခြင်း၊

(ဎ) ပြည်သူကို ရိုသေလေးစားခြင်း၊

ဟူသောအချက်များကို နိုင်ငံ့ဝန်ထမ်းသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကျင့်သုံးလိုက်နာဆောင်ရွက်ပါမှ နိုင်ငံနှင့် လူမျိုးသိက္ခာကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

## ဥပဒေကို မျက်ကွယ်မပြုစေလို

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် မြှောက်ပင့်လှုံ့ဆော်နေကြသည်။ အမှားကို အမှန်ဖြစ်အောင်၊ မဟုတ်သည်ကို အဟုတ်ထင်အောင် ပြောဆိုစည်းရုံးကြကာ ကိုယ်ကျိုးစီးပွားအတွက် အသုံးချနေကြသည်။ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်နေသော သွေးဆူနေသည့် လူအုပ်စုကြီးကို ရှေ့တန်းသို့ တွန်းပို့ကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး အပြစ်တင်ဆန့်ကျင်အောင်၊ သံသယများဖြင့် ရန်ပြုတိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်အောင် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြသည်။ ထိုကဲ့သို့ လုပ်ဆောင်နေကြခြင်းသည် ဒီမိုကရေစီနှင့် ဆန့်ကျင်နေသည့်အပြင် ဥပဒေကို မျက်ကွယ်ပြုခြင်းလည်းဖြစ်သည်။

## ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်း ဖွင့်လှစ်မှု

နိုင်ငံတစ်ဝန်း အုပ်ချုပ်ရေးယန္တရား စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ထိထိရောက်ရောက် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များအားလုံးရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းကို သင်တန်းနေရာ (၃၁၇) နေရာ၌ သကြံန်ရုံးပိတ်ရက်ကာလအတွင်း တစ်ရက်သင်တန်း ဖွင့်လှစ်ပို့ချခဲ့ကြရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူး (၁၇၀၇၅)ဦးရှိသည့်အနက် သင်တန်းသား(၁၄၉၇၂)ဦး တက်ရောက်နိုင်ခဲ့ကြပါသည်။

ရပ်/ကျေးအုပ်ချုပ်ရေးမှူးစုစုပေါင်း၏ (၈၇.၆၈)ရာခိုင်နှုန်း တက်ရောက်ခဲ့သဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး လုပ်ငန်းမွမ်းမံသင်တန်းများ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါသည်။

## ဆင်ခြင်တုံတရားလက်ကိုင်ထား

ဆင်ခြင်တုံတရားရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ဆိုရင် အဂတိတရားလေးပါးကို သိရှိပြီး လိုက်နာကျင့်သုံးနေထိုင်ကြဖို့ လိုအပ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားက သိင်္ဂါလလုလင်အား အဂတိတရားလေးပါးကို မလိုက်စားအပ်ကြောင်း မဟာကရုဏာတော်ဖြင့် ဆုံးမတော်မူခဲ့ရာ ယင်းအဂတိတရားလေးပါးမှာ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိတို့ပဲ ဖြစ်ပါတယ်။

ဆန္ဒာဂတိဆိုရာမှာ (ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း)၊ ဒေါသာဂတိဆိုရာမှာ (စိတ်ဆိုးသဖြင့် မလိုက်သင့်သည့် ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း)၊ မောဟာဂတိဆိုရာမှာ (ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း)၊ ဘယာဂတိဆိုရာမှာ (ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း) စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားရှိတာကို ဖော်ပြလိုပါတယ်။

*သိဒ္ဓိအောင်*

A rational society/community is meant realizing and avoiding the four kinds of misconduct (agati): ***Chanda gati***, showing partiality on account of presents and consanguinity or friendship, ***Dosa gati***, showing partiality on account of hatred to the party who has reason on his side, ***Bhaya gati***, showing partiality on account of fear or respect of persons, and ***Moha gati***, showing partiality on account of ignorance.

## လူမှုတန်ဖိုးများ

လူမှုဆိုင်ရာတန်ဖိုးများ(Social Values)ဆိုသည်မှာ တရားမျှတခြင်း(Justice)၊ လွတ်လပ်ခြင်း (Freedom)၊ အပြန်အလှန်လေးစားခြင်း(Mutual Respect)၊ အသိုင်းအဝိုင်းအပေါ် သဘောထား (Attitude on Community)နှင့် တာဝန်ယူခြင်း(Responsibility)စသည်များဖြစ်ပါသည်။